

ကောင်းသန့်

# တို့နှစ်ယောက်

တတိယအကြိမ်

# တို့ နှစ် ယောက်

[ ဖြူနှင်းဝေ မှ အောင်နိုင်သူသို့ ]



# တို့ နှစ်ယောက်(၁)

နင် …

စိမ်းရက်တယ်နော်

နင် …

သိပ်နေနိုင်တာပဲ။

နင် . . .

သိပ်အတ္တကြီးတယ်။

နင်ဟာ

နားလည်ဖို့ ခက်တဲ့

ယောကျ်ားတစ်ယောက်။

နင့်ကို

ငါသိပ်ကြောက်တယ်။

ဒါပေမဲ့

နင့်ကိုငါ

သိပ်ချစ်တယ် … ဟာ။

ငါ …

နင်နဲ့ ပတ်သက်ပြီး

ခံစားခဲ့ရတာတွေ

အိပ်လို့ မရတဲ့ ညတွေ

မေ့လို့ မရတဲ့ အဖြစ်တွေကို

စာမျက်နှာဖွဲ့ပြီး

ရင်ထဲမှာ သိမ်းဆည်းထားခဲ့တာ

ကာလကြာမြင့်ခဲ့ပြီဟာ။

နင်သိဖို့ ကောင်းပေမယ့်

ဒီအကြောင်းတွေကို

ငါဘယ်လိုပြောခွင့်ရမှာ လဲ။

ဒါပေမဲ့ဟာ

ဒါတွေကို

ငါရင်ဖွင့်ပြချင်တယ်။

ငါ့အပေါ်စာနာနားလည်နိုင်တဲ့

သူတစ်ယောက်ယောက်ကိုပေါ့။

အဲ့ဒီသူဟာ ...

နင် ...ဖြစ်ခဲ့ရင် ...

သိပ်ကောင်းမှာ ပဲနော်။

နင် ...

မှတ်မိသေးလား။

ငယ်ငယ်တုန်းကလေ

ဆရာကြီးဦးဖိုးသာကျောင်းမှာ

စာသင်နေရင်း

ကာတွန်းစာအုပ်ခိုးဖတ်လို့

ခုံပေါ်တက် မတ်တတ်ရပ်

ဒဏ်ပေးခံရတာ။

တကယ်တော့ ...

နင်ဖတ်တာ မဟုတ်ဘူး

ချစ်ဆွေဆိုတဲ့ ကောင်ဖတ်တာ။

နင်က သူ့ကိုယ်စား

တရားခံဝင်လုပ်လိုက်တာ

ငါမြင်တယ်... ငါသိတယ်။

ဒါပေမဲ့

နင်က ညှာတာသလောက်

အဲ့ဒီကောင်တွေက ဆရာကြောက်ပြီး

မသိချင်ယောင်ဆောင်နေကြတယ်။

နင်တစ်ယောက်တည်းခံရတာ

မဟုတ်ဘဲနဲ့ နင်သက်သက်ခံတာ။

ငါလေ

အဲ့ဒီတုန်းက

ဒေါသထွက်လိုက်တာ။

ကျောင်းလွှတ်လို့ အပြင်ရောက်တော့

နင့်ကိုငတုံး၊ ငအဆိုပြီး

အပြစ်တင်ရန်တွေ့လိုက်တာ။

နင်တစ်ခွန်းမှ ပြန်မပြောဘူး

ပြီးတော့

နင့်ကောင်တွေကိုလည်း

ယောက်ျားဖြစ်ပြီး

ကိုယ့်အပြစ်ကိုယ် ဝန်မခံရဲဘူးလို့

သွားရန်တွေ့ခဲ့မိတယ်။

နောင်ကြီးပြင်းလာတဲ့ အခါကျတော့

ကိုယ်ချစ်ခင်တဲ့ သူငယ်ချင်းတွေအတွက်

အနစ်နာခံတတ်သူပါလားလို့

ပြန်တွေးမိပြီး

နင့်ကို ချီးကျူးလေးစားခဲ့မိတယ်။

နင်...

မေ့ချင်မေ့နေမယ့် ကိစ္စတစ်ခု

ငါပြန်သတိရမိတယ်။

တို့ မြို့က လွတ်လပ်ရေးနေ့

အထိမ်းအမှတ် အပြေးပြိုင်ပွဲမှာ

နင်ဆုတွေရခဲ့တာလေ။

မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ တာတိုပြိုင်ပွဲမှာ

ပထမ၊ ဒုတိယ၊ တတိယ

နင် ဆုတွေတသီကြီး ရခဲ့တဲ့ အတွက်

ငါကနင့်ကို

ဝမ်းသာအားရချီးကျူးတော့

သိပ်ဝမ်းမသာတဲ့ ပုံမျိုး

သိပ်မထူးဆန်းတဲ့ ပုံမျိုးနဲ့

ငါ့ကို နင်က ပြန်ကြည့်ခဲ့တယ်လေ။

နင်ဟာ တစ်မျိုးပဲနော် ။

ဆုတွေအများကြီးရတာတောင်

ဝမ်းသာနေပုံမပြဘူး ။

ငယ်ငယ်လေးကတည်းက

ဝမ်းသာဝမ်းနည်းမှုကို

ထိန်းချုပ်ထားသလားမသိဘူး ။

ငါ…သာ

နင့်နေရာမှာ ဆို

ဝမ်းသာအားရခုန်ပေါက်ပြီး

သူငယ်ချင်းတွေကို

အပြတ်ကြွားမိမှာ ပဲ။

မှိုင်ရတဲ့ မျက်နှာနဲ့

ကွင်းထဲမှာ ပတ်ပြေးမိလိမ့်မယ်။

နိုင်ချင်လို့ ပြိုင်တယ်

ပြိုင်လို့ နိုင်တယ်

နိုင်လို့ ဆုရတယ်

ဆုရရင် ပျော်ရမှာ ပေါ့။

ငါ ... တော့

ပျော်စရာရှိရင်လည်း

အားရပါးရပျော်လိုက်မှာ ပဲ

ဝမ်းနည်းစရာရှိရင်လည်း

အားရပါးရ ငိုပစ်လိုက်မှာ ပဲ

ဘာပြုလို့ ထိန်းချုပ်ထားရမှာ လဲ။

နေရာတကာမှာ

ထိန်းချုပ်ထားမှုကော လိုအပ်ရဲ့ လား

ထိန်းချုပ်ထားတာကော

မှန်သလား။

နင် ...ဟာလေ

ကဗျာသမားစာသမားဆိုပြီး

သိပ်စိတ်ကူးယဉ်တာပဲ

(၈) တန်းကျောင်းသားရှိသေးတယ်

“ကိုယ်မနှစ်ခြိုက်လို့

ပစ်လိုက်သည့်ပန်း

ကြိုက်သူနမ်းလေ

ကိုယ်ဝမ်းမနည်းတတ်ပါဘူး...”

ဆိုတဲ့ ကဗျာမျိုး

ဖလင်စတားစာစောင်မှာ ရေးနေပြီ။

ပြီးတော့ ...

စွယ်တော်ရွက်လေးတွေ

စံပယ်ပန်းခြောက်လေးတွေ

စာအုပ်ကြားထဲမှာ ညှပ်လို့

တော်တော်စိတ်ကူးယဉ်တဲ့

သတ္တဝါပဲလို့

ငါတွေးမိသေးတယ်။

ငါ...ကတော့

နင်သိတဲ့ အတိုင်းပဲ

ကဗျာတွေ ဘာတွေ

ဝါသနာ မပါဘူး။

နင့်ကဗျာပါတယ်လို့

သူများက လာပြောတော့မှ

ဖတ်ကြည့်မိတယ်။

ကောင်းပါတယ် …ဒီလောက်ပဲ

နင့်လိုလည်း မရေးတတ်ဘူး၊

နင့်လိုလည်း မခံစားတတ်ဘူး။

စာအုပ်ထဲမှာ

ပန်းတွေထည့်ပြီး

ရှုပ်ရှုပ်ယှက်ယှက်တွေလည်း

မလုပ်တတ်ဘူး၊

စာအုပ်ညစ်ပတ်တယ်လို့ တောင်

ထင်သေးတယ်၊

ငါကတော့

ကျောင်းစာမှ ကျောင်းစာ

ကျောင်းစာကိုပဲ စိတ်ဝင်စားတယ်။

ကြီးလာရင် ဆရာဝန်မကြီးလုပ်မယ့်သူဆိုတော့

ဒီလောက်တော့ရှိမှာ ပေါ့။

နင် ...

ငယ်ငယ်တုန်းက

အော်တိုစာအုပ်လေးရှိသေးလား။

သူငယ်ချင်းတွေလိုက်ပြီး

အော်တိုစာအုပ်ရေးခိုင်းခဲ့တာလေ၊

တချို့က ကဗျာလေးတွေရေးလို့

တချို့က ဆုံးမစာလေးတွေရေးလို့

သူတို့ အတွေးလေးတွေနဲ့

သူတို့ ရေးတာဆိုတော့

ဖတ်လို့ ကောင်းပါတယ်။

ငါ့ကိုလည်း

ရေးပေးဖို့ နင်လာပေးတော့

ငါယူထားလိုက်မိတယ်

ဒါပေမဲ့... ငါဘာရေးရမှန်းမသိဘူး။

နင့်စာအုပ်ထဲမှာ

နင့်နာမည်က 'အမောင်ငယ်'တဲ့၊

ကန့်ကလျနဲ့ ရယ်ချင်စရာကြီး

ဒီတော့ ငါရေးလိုက်မိတယ်၊

'ရယ်ချင်တယ်'... လို့

နင် …

ငါရေးတာဖတ်ပြီး

စိတ်ဆိုးလိုက်တာတအားပဲ။

ငါ …

အဲ့ဒီတုန်းက

တမင်လှောင်ပြောင်တဲ့ သဘော… မဟုတ်ပါဘူး။

ငါကနင့်လိုမှ

နုနုရွရွနဲ့ စိတ်ကူးမယဉ်တတ်တာ၊

နင်က လာရေးခိုင်းတော့

ဘာရေးရမှန်းမသိတော့

နင့်နာမည်နွဲ့နွဲ့နှောင်းနှောင်းတွေ့တော့

ရယ်ချင်တာပေါ့

ဒီတော့ ‘ရယ်ချင်တယ်’လို့

ငါရေးမိတယ်လေ။

ငါမှ ဟန်မဆောင်တတ်တာ

ဘာရယ်လို့ မသိဘဲ ရေးလိုက်တဲ့ အတွက်

နင်စိတ်ဆိုးသွားတာ…ငါစိတ်မကောင်းပါဘူး။

နင့်ကို တောင်းပန်မလို့ စိတ်ကူးပေမယ့်

နင်ကရှောင်နေတော့

ငါဘယ်လိုလုပ်မလဲ

တတ်နိုင်ဘူးလေ။

နင့်သဘောအတိုင်းပေါ့။

လုပ်ပြီးတဲ့ အရာအတွက်တော့

ငါနောင်တမရချင်ပါဘူး။

နင်...

ငါ့ကိုစိတ်ကောက်ပြီးရှောင်နေတာ

အတော်ကြာတယ်နော်။

ကျောင်းမှာ စကားရည်လုပွဲကျင်းပတော့မှ

တို့ ပြန်စကားပြောဖြစ်ကြတယ်။

နင်က အဆိုရှင်ဘက်ကခေါင်းဆောင်

“ယောကျ်ားများ သည် မိန်းမများ ထက်

ပိုမြတ်သည် ” ဆိုတဲ့ ခေါင်းစဉ်

နင်စကားပြောကောင်းလိုက်တာ

အချက်ကျကျပြောတတ်တယ်၊

နင်က အမူအရာလည်းကောင်းတယ်

ငါ့မှာ သဘောကျလွန်းလို့

လက်ခုပ်တီးလိုက်ရတာ

လက်ကိုနာနေတာပဲ။

ပွဲပြီးတော့ ငါမနေနိုင်တော့ဘူး

နင့်ကို စောင့်ပြီး ချီးကျူးစကား

ပြောမိတယ်။

“နင်က ကျေးဇူးတင်ပါတယ်”...တဲ့

အဲဒီတုန်းက ပြုံးလို့ ပေါ့။

ငါလည်း နင်နဲ့ ပတ်သက်ပြီး ရဲတင်းနေလိုက်တာ

မိန်းမ ဣန္ဒြေကိုတောင်မေ့ပေါ့။

ငါ ...က

စကားမပြောတတ်ဘူး ညံ့တယ်။

ပြောမိရင်လည်း

ဟုတ် ဟုတ် မဟုတ်ဟုတ်

စွတ်ပြောလိုက်တာပဲ။

စကားပဲ

ကိုယ်ထင်သလို ပြောခွင့်ရှိရမှာ ပေါ့

စိတ်ဆိုးမှာ ဒေါသထွက်မှာ

တစ်မျိုးထင်မှာ ကြောက်ပြီး

စကားတွေထိန်းပြောနေရတာမျိုး

ငါမုန်းတယ်။

ရင်ထဲရှိတဲ့ စကားတွေကို

ဘာဖြစ်လို့ မပြောရဲရမှာ လဲ

သူကြိုက်ရင်ကြိုက်

မကြိုက်ချင်နေ

ကိုယ်ပြောချင်လာရင်

ပြောမှာ ပဲ။

ဒါ ...

ငါ့အကျင့်စရိုက်ပဲလေ။

နင် ...

စာလည်း တော်တယ်။

စာမေးပွဲအမှတ်စာရင်းတွေထွက်တော့

ငါသိပ်အံ့သြသွားတယ်။

ငါ့ထက် အမှတ်များ နေလို့ လေ၊

စာလည်း သိပ်မကျက်ဘဲ

အမှတ်တွေများ နေလိုက်တာ

အံ့သြစရာပဲ

ငါမနာလိုဘူး။

ဒါပေမဲ့

နင်က ဉာဏ်ကောင်းတယ်

ညဘက်ကို ညဉ့်နက်တဲ့ အထိ စာဖတ်တယ်လို့

ပြောကြတယ်။

လက်ရေးလည်း ကောင်းတယ်။

အိမ်အလုပ်တွေလည်း ကူလုပ်ရသတဲ့ ။

ဈေးထဲမှာ အမေ့ကို ဆန်ကူရောင်းပေးရတယ်။

ထမင်းချက်ကူရတယ်လို့ လည်း ပြောကြတယ်။

နင်က ငယ်ငယ်ကတည်းက အလုပ်တွေ

အများကြီးလုပ်ခဲ့တယ်၊ တော်ခဲ့တယ်နော်။

ငါ ... စိတ်ထဲက

ကျိတ်ချီးကျူးမိခဲ့တယ်။

ငါ...

စာသိပ်ကြိုးစားတယ်ဆိုတာ

တစ်တန်းလုံးသာမက

တစ်ကျောင်းလုံးလည်း သိတယ်။

အမြဲတမ်းပထမရနေကျ

နင် ငါ့ထက်ပိုပြီး

အမှတ်များ ပြီးကြောသွားတာ

ငါတကယ်မနာလိုဖြစ်တယ်။

ငါ့အမှတ်စာရင်းတွေရတော့

ပထမ မရလို့ ဆိုပြီး

အိမ်ပြန်ရောက်တာနဲ့ ငိုတယ်။

ထမင်းလည်း မစားတော့ဘူး။

ငိုလို့ ဝတော့မှ

နင့်ကိုမခံချင်စိတ်နဲ့

စာထဖတ်တယ်။

ငါ့ဘဝမှာ

အမြဲတမ်း ပထမရချင်တယ်။

ရအောင်လည်း ကြိုးစားတယ်။

သူများ တကာထက်သာတဲ့

'ငါ'ပဲဖြစ်ချင်တယ်။

နင် ...

သိပ်တော်ပါတယ်။

ဒါကြောင့်

ဆရာတွေကလည်း ...နင့်ကို ချီးကျူးခဲ့ကြတယ်။

တစ်တန်းလုံးကလည်း ချီးကျူးကြတယ်။

၁၀-တန်းအောင်စာရင်းထွက်တော့

နင်...ဂုဏ်ထူး ၅ ဘာသာရတယ်။

ဆေးတက္ကသိုလ်တက်ခွင့်ရှိပေမဲ့

စက်မှုတက္ကသိုလ်ကိုပဲ နင်ရွေးခဲ့တယ်၊

တို့ မြို့မှာ တော့…နင်က ‘စတား’ပဲပေါ့။

ဒါပေမဲ့ ….

နင့်ကြည့်ရတာ သိပ်ပျော်ပုံမရဘူး

အခက်အခဲတစ်ခုခု ရှိနေတဲ့ ပုံမျိုးပဲ။

နင်… တက္ကသိုလ်တက်ဖို့

အိမ်က ငွေမတတ်နိုင်ဘူးလို့

ပြောနေသံလည်း ကြားတယ်။

နောက်ဆုံးတော့

အခက်အခဲတွေကြားထဲက

စက်မှုတက္ကသိုလ်တက်ဖြစ်သွားတာ

ငါသိပ်ဝမ်းသာတယ်။

ကံကြမ္မာဟာ နင့်ဘက်က

ရပ်တည်ပေးခဲ့သေးတယ်နော်။

*